# မြန်မာ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် လူထုအခြေပြု စူးစမ်းလေ့လာမှု

## နိုင်ငံဆိုင်ရာ အနှစ်ချုပ်



မြန်မာနိုင်ငံရှိ အိမ်များနှင့် တောင်များ။ ဓာတ်ပုံ ခရက်ဒစ်- Akhmad Jazuli၊ အောက်တိုဘာလ 2023။

AMPLIFY
The Asia Foundation
NEW ZEALAND
FOREIGN AFFAIRS & TRADE
Manatū Aorere

# AMPLIFY

AMPLIFYသည် အရှေ့တောင်အာရှရှိ အမျိုးသမီးများအပေါ်တွင် ပဋိပက္ခများနှင့် လူသားတို့၏ ဘဝလုံခြုံရေး အား ခြိမ်းခြောက်နေသည့်အရာများ၏ မတူညီသော အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ပဋိပက္ခများ ကာကွယ်တားဆီးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ အဓိပ္ပာယ်ရှိစွာ ပါဝင်ခွင့်ကို အရှိန်မြှင့်တင်ပေးသည့် ငါးနှစ်တာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women, Peace and Security - WPS)ဆိုင်ရာ ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။

ဤဆောင်ရွက်ချက်သည် အာဆီယံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အာဆီယံ ဒေသတွင်း အစီအစဉ် (Regional Plan of Action on WPS) ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့၏ မူဝါဒဖွံ့ဖြိုးရေး အခန်းကဏ္ဍ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်း လုပ်ဆောင်ခြင်းနှင့် လူထုအခြေပြု ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတို့ကို အဓိက ဦးတည်ဆောင်ရွက်ပါသည်။ AMPLIFY ၏ ဆောင်ရွက်ချက်ကို နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ငွေကြေးထောက်ပံ့ပေးပြီး The Asia Foundation မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women, Peace and Security - WPS) သည် အမျိုးသမီးများ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အဓိပ္ပာယ်ရှိစွာဖြင့် ပါဝင်ခွင့်ရရှိပြီး ငြိမ်းချမ်းရေးရရှိရန် ဖော်ဆောင်ရေးနှင့် ပဋိပက္ခကာကွယ်တားဆီးရေးတို့အတွက် အဓိက အရေးပါပြီး ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုထားသော မူဘောင်တစ်ခုဖြစ်ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ သည် WPS မူဝါဒကို လမ်းညွှန်မှုပေးထားပြီး၊ WPS အဓိက အခြေခံမှုလေးခုမှာ - ပါဝင်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး တို့ပါဝင်သည်။ ပဋိပက္ခဒဏ်နှင့် ပြင်းထန်သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် နေရာဒေသများမှ အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် လိုအပ်ကြောင်းကို အလေးပေးဖော်ပြထားပါသည်။ AMPLIFY ဆောင်ရွက်ချက်သည် WPS+ ချဉ်းကပ်မှုကို အသုံးပြုထားပြီး၊ ပဋိပက္ခ ဖြစ်ပွားရာဒေသများထက် ပိုမို၍ ကျယ်ပြန့်စွာ သက်ရောက်မှုရှိစေရန် ရည်ရွယ်ကာ လူသားတို့၏ လုံခြုံရေးကို ခြိမ်းခြောက်နေသော ကိစ္စများကိုပါ အလေးပေးဆောင်ရွက်နေပါသည်။**

# နိုင်ငံအလိုက် အနှစ်ချုပ်များ

၂၀၂၄ ခုနှစ်တွင်၊ AMPLIFY နိုင်ငံ သုံးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံများတွင် စူးစမ်း လေ့လာမှုများ (scoping studies)ကို ဆောင်ရွက်ခဲ့ပါသည်။ဤဆောင်ရွက်ချက်၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးရှိ အမျိုးသမီးများ လက်ရှိ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပိုမိုနားလည် သဘောပေါက်ရန်ဖြစ်သည်။

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများတွင် သုတေသနဆိုင်ရာ လူထုစစ်တမ်းများကောက်ယူခြင်း၊ အင်တာဗျူးများ ပြုလုပ်ခြင်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း စသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ စူးစမ်းလေ့လာမှုများကိုမူ ထိုင်း-မြန်မာနယ်စပ် နှစ်ဖက်စလုံးရှိ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ၊ အမျိုးသမီး အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ များနှင့် တက်ကြွလှုပ်ရှားသူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို တွေ့ဆုံမေးမြန်းခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ဤလေ့လာမှုများကို နိုင်ငံရေး၊စီးပွါးရေးဆိုင်ရာ ဆန်းစစ်လေ့လာချက် (Political Economy Analysis) တစ်ရပ် ပြုလုပ်ခြင်းနှင့် အကျိုးသက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ မှတစ်ဆင့် ပိုမိုအဆင့်မြှင့် တင်နိုင်ခဲ့ပါသည်။ အဆိုပါ နိုင်ငံရေး၊စီးပွားရေးဆိုင်ရာ ဆန်းစစ်လေ့လာချက်၏ အမည်မှာ "**အမျိုးသမီးများ၏ ငြိမ်းချမ်းရေးကို လုံခြုံစေခြင်း- အာဆီယံ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အမျိုးသမီးများ၏ နိုင်ငံရေး၊စီးပွားရေး ဆိုင်ရာ ဆန်းစစ်ခြင်း**" ဖြစ်ပြီး ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသုတေသနများကို အခြေခံ၍ ပြုစုထားသော နိုင်ငံအလိုက်အကျဉ်းချုပ်များ (Country Briefs) တွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) ဆိုင်ရာ လုပ်ငန်းစီမံချက် ရေးဆွဲခြင်းအတွက် အရေးပါဆုံးသော အဓိကတွေ့ရှိချက်များနှင့် ထိုးထွင်းသိမြင်မှုများကို တင်ပြထားပါသည်။ ဤအကျဉ်းချုပ်များသည် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မူဝါဒချမှတ်သူများနှင့် အလှူရှင်များအတွက် အသုံးဝင်သော လမ်းညွှန်အရင်းအမြစ် တစ်ခုအဖြစ် ရည်ရွယ်ပါသည်။ ထို့အပြင် ၎င်းတို့သည် AMPLIFY ၏ ဒေသတွင်း WPS ဆိုင်ရာ အသိပညာများကို တည်ဆောက်ရန်နှင့် မျှဝေရန်အတွက် ဆက်လက် ကတိပြုထားမှု၏ အစိတ်အပိုင်း တစ်ရပ်လည်း ဖြစ်ပါသည်။



# မြန်မာ

- မြန်မာနိုင်ငံရှိ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေ
- အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်ခြင်း
- စစ်ရှောင်ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးများ
- ပဋိပက္ခနှင့် ဆက်နွှယ်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- AMPLIFY ၏ ချဉ်းကပ်မှုနည်းလမ်း

# မြန်မာ

## မြန်မာနိုင်ငံရှိ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အခြေအနေ

မြန်မာနိုင်ငံရှိ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) ဆိုင်ရာ အခြေအနေသည် ဆယ်စုနှစ်များစွာ ကြာမြင့်နေသော ပဋိပက္ခ အခြေအနေများနှင့် ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုတို့၏ နောက်ဆက်တွဲ သက်ရောက်မှုများက လွှမ်းမိုးသက်ရောက်လျက် ရှိသည်။ ထို စစ်အာဏာသိမ်းမှုသည် တိုင်းပြည်တစ်ဝှမ်း အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ပိုမိုပြင်းထန်စေခဲ့ပါသည်။ ထို့ကြောင့် လက်နက်ကိုင် ခုခံမှုများ ကျယ်ပြန့်စွာ ပေါ်ပေါက်လာခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ခုခံတော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ထားသော နယ်မြေများ ကျယ်ပြန့်လာကာ နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကော်မရှင် (ယခင် -နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ) ၏ ဗဟို ချုပ်ကိုင်မှုအာဏာ ကျဆင်းလာခဲ့ပါသည်။ ထိုသို့သော အခြေအနေတွင် အမျိုးသမီးများနှင့် လိင်ဝိသေသစုံလင်ကွဲပြားသူ လူနည်းစု အုပ်စုများသည် စစ်မက် မဖြစ်ပွါးသည့် နေရာများ တွင်လည်း ပဋိပက္ခဒဏ်ကို မညီမျှစွာ ခံစားကြရသည်။ ၎င်းတို့တွင် လိင်ပိုင်းဆိုင်ရာ နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု/ပဋိပက္ခနှင့် ဆက်နွှယ်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (SGBV/CRSV) အန္တရာယ် မြင့်တက် လာခြင်း၊ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရခြင်းနှင့် ဆက်စပ်သော ကာကွယ် စောင့်ရှောက်ရေး အန္တရာယ်များ၊ ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခြင်းနှင့် အခြေခံကျန်းမာရေးနှင့် ကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ရယူခံစားခွင့် လျော့နည်းလာခြင်းတို့ ပါဝင်ပါသည်။

စစ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် SGBV/CRSVနှင့် အိမ်အတွင်းရှိ ရင်းနှီးကျွမ်းဝင်သူများမှ အိမ်တွင်း အကြမ်းဖက်မှုများ ပိုမို လုပ်ဆောင်လာပြီး ပြစ်ဒဏ်ကင်းလွတ်မှုများ ကျယ်ပြန့်စွာရှိနေကာ ရှင်သန်ကျန်ရစ်သူများ (survivors)သည် အတင်းအကျပ် အိမ်ထောင်ပြုခိုင်းစေမှု (သို့) အရှက်တကွဲ အကျိုးနည်းဖြစ်စေမှု ကဲ့သို့သော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံ သည် ဂျဲန်ဒါ မညီမျှမှုညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၄၆ နိုင်ငံအနက် အဆင့် ၁၂၅ ရှိပြီး ၂၀၂၁ ခုနှစ်မှစတင်၍ အမျိုးသမီးထောင်ပေါင်းများ စွာသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကော်မရှင် (ယခင် နစက) စစ်တပ်များမှ ဖမ်းဆီးခံထားရခြင်း သို့မဟုတ် သတ်ဖြတ်ခံထား ရပါသည်။

မြန်မာနိုင်ငံတွင် WPSကို အကောင်အထည်ဖော်မှုသည် အမြစ်တွယ်နေသော ဖိုဝါဒဆိုင်ရာ ထုံးတမ်း စဉ်လာများ၊ ကန့်သတ်ထားသော နိုင်ငံရေးသဘောထားများနှင့် အမျိုးသမီးများ၏ တန်းတူညီမျှမှုသည် အမျိုးသမီး အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်သက်သက်သာ ဖြစ်သည် ဟူသော အမြင်များကြောင့် အဟန့်အတားများ ရှိနေပါသည်။ အမျိုးသမီးများသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းစဉ် အများစုမှ ဖယ်ချန်ထားခြင်း ခံနေရဆဲဖြစ်သည်။ သို့ရာတွင် အာဏာသိမ်းပြီး ကာလနောက်ပိုင်း ရက်စက်ကြမ်းကြုတ်မှုများ ကြောင့် အမျိုးသမီးများ ပါဝင်လာစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ခံရခြင်းတို့အား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအဖြစ် ပြည်သူလူထု မှ အသိအမှတ်ပြုမှု ပိုမိုမြင့်တက်လာစေခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ၎င်းတို့၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်များတွင် အမျိုးသမီး များ၏ တန်းတူညီမျှမှုကို စတင်ထည့်သွင်း ဆောင်ရွက် လျက်ရှိပြီး နယ်မြေဒေသအလိုက် ဦးဆောင်မှုဖြင့် WPS အကောင်အထည်ဖော် မှုအတွက် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာနေကြောင်း ညွှန်ပြနေပါသည်။

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်ပေးခြင်း

မြသည် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းတစ်ခုတွင် ပါဝင်သူဖြစ်ပါသည်။ အာဏာသိမ်းပြီးကာလသည် အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်လာသည့် အခြေအနေဖြစ်ကြောင်းနှင့် အမျိုးသမီးများသည် တော်လှန်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသော်လည်း ၎င်းတို့၏ အသံများကို ဘေးဖယ်ထားခြင်း ခံနေရဆဲဖြစ်ကြောင်း သူမက ဖော်ပြထားပါသည်။

အမျိုးသမီးများသည် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်ဆောင်ရွက်မှုနှင့် လူထုအခြေပြု စည်းရုံးမှုများ တွင် ရှေ့တန်းမှ ပါဝင်နေသော်လည်း ခေါင်းဆောင်မှုအခန်းကဏ္ဍ ဆုံးဖြတ်ချက်ချမှတ်မှုများမှ ဘေးဖယ် ထားခြင်းကို ဆက်လက်ခံစားနေရဆဲဖြစ်သည်။ ၎င်းတို့၏ ပါဝင်မှုကို အကန့်အသတ်ဖြင့်သာ ပါဝင်ရသော အခန်းကဏ္ဍများတွင်သာ လက်ခံထားပါသည်။

**“တော်လှန်ရေးအတွက် လူ့စွမ်းအားတွေ လိုအပ်ပါတယ်။ အမျိုးသမီးတွေရဲ့ ပါဝင်ကြိုးပမ်းမှုနဲ့ အားထုတ်မှုကြောင့် တော်လှန်ရေးရဲ့ စွမ်းအားကို မြှင့်တင်ပေးနိုင်ပါတယ်။ အမျိုးသားတွေကလည်း ဒီအချက်ကို နားလည်ထားကြတယ်။ ဒါကြောင့်မို့လို့ သူတို့က ‘သူတို့ရဲ့ နယ်ပယ်အတွင်း’ မှာတော့ အမျိုးသမီးတွေကို လက်ခံကြတယ်။ ဒါကို သမားရိုးကျ ဖြစ်နေတဲ့ ယောကျ်ားဆန်မှု ၊ ဖိုဝါဒကြီးစိုးမှုနဲ့ ပတ်သတ်တဲ့ အစဉ်အလာ တွေ ပြောင်းလဲသွားတယ်လို့တော့ မှတ်ယူလို့ မရနိုင်ပါဘူး။”**

ထောင်ပေါင်းများစွာသော သူများအတွက် ထိခိုက်မှုအန္တရာယ်များသည် နိုင်ငံနယ်စပ် ကျော်လွန်သည်အထိ သက်ရောက်မှု ရှိနေပါသည်။ အမျိုးသမီးတက်ကြွလှုပ်ရှားသူ ထောင်ပေါင်းများစွာသည် ယခုအခါ အိမ်ရာ မလုံခြုံမှု၊ မိသားစုနှင့်ကွဲကွာမှု ၊ ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ကန့်သတ်ခံစားနေရသည့် အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် စာရွက်စာတမ်း မရှိပဲ တရားမဝင် နေထိုင်လျက် ရှိကြပါသည်။

**“လက်ရှိလက်နက်ကိုင်ပဋိပက္ခများသည် ယခင်အာဏာသိမ်းခဲ့ဖူးသောကာလရှိ အခြေအနေများထက် ပိုမိုပြင်းထန်ပြီး ကျယ်ပြန့်လာခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ တက်ကြွလှုပ်ရှားသူတွေရဲ့ လက်တွေ့လိုအပ်ချက် တွေကို ပြောတဲ့အခါမှာ သူတို့တွေရဲ့ လိုအပ်ချက်တွေလောက်ကိုပဲ ထည့်သွင်းစဉ်းစားလို့ မဖြစ်နိုင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ နစက ဟာ မိသားစုဝင်များနှင့် ချစ်ခင်ရင်းနှီးသူများကိုပါ ပစ်မှတ်ထားလာတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။”**

မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများနှင့် အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက် သူများသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကြောင့် ပြင်းထန်သောအန္တရာယ်များကို ရင်ဆိုင်နေရသည့်တိုင် သတ္တိနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုဖြင့် ၎င်းတို့၏လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။

အာဏာသိမ်းမှု မတိုင်မီက အမျိုးသမီးများ၏ ပါဝင်မှုသည် အကန့်အသတ်များရှိသော်လည်း မြို့ပြနှင့် တိုင်းရင်းသားဒေသများရှိ အမျိုးသမီးအဖွဲ့များသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ကာကွယ် စောင့်ရှောက်ခြင်းနှင့် တရားမျှတမှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြို့ပြဒေသများတွင် အမျိုးသမီး အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ တရားဝင် ပါဝင်မှုကို မြှင့်တင်ရန် အာရုံစိုက်ခဲ့ကြသည်။ တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများ ဦးဆောင်ကာ အခြေခံလူတန်းစား များအတွက် ဆောင်ရွက်မှုများနှင့် အရေးဆိုမှုများကို တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းများမှတစ်ဆင့် ဆောင်ရွက်ခဲ့ကြသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အဖွဲ့အစည်းများသည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) ဆိုင်ရာ အသိပညာပေးခြင်းနှင့် ပေါ်ပေါက်လာသော ကြားကာလ နိုင်ငံရေးအဖွဲ့အစည်းများနှင့် အမျိုးသမီး လက်နက်ကိုင် အဖွဲ့များအား အကြံညာဏ်ပေးခြင်းစသည့် လုပ်ငန်းများကိုပုန်းလျှိုးကွယ်လျှိုးဖြင့် ပြောင်းလဲ ဆောင်ရွက် လာကြသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အန္တရာယ်ရှိသော ပတ်ဝန်းကျင်အခြေအနေကို ပိုမို ရင်ဆိုင်နေရပါသည်။ အမျိုးသမီးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများသည် မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပရောက် နေသည်ဖြစ်စေ ထောက်လှမ်းခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ နှောင့်ယှက်ခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းစသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရပါသည်။

အမျိုးသမီးများစွာသည် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီများ ပေးခြင်း၊ မိသားစုများကို စောင့်ရှောက်ခြင်းနှင့် အမျိုးသမီးအရေးလှုပ်ရှားမှုများကို ဆက်လက်လုပ်ကိုင်ခြင်း စသည့် တာဝန်သုံးရပ်ကို တစ်ချိန်တည်းတွင် ထမ်းဆောင်နေကြရပါသည်။

အမျိုးသမီးများသည် ငွေကြေးအရင်းအမြစ် ကန့်သတ်ချက်များ၊ ဥပဒေအရကာကွယ်မှု နည်းပါးခြင်းနှင့် စိတ်ကျန်းမာရေး အထောက်အပံ့ လိုအပ်ခြင်းတို့ကို ကြုံတွေ့နေကြရပါသည်။အမျိုးသမီးများသည် ခေါင်းဆောင်မှု နေရာများတွင် ရှိသော်လည်း အမြစ်တွယ်နေသော ဖိုဝါဒ၏ သက်ရောက်မှုအပေါ် အခြေခံသည့် လူမှုစံနှုန်း များကြောင့် အမျိုးသမီးများ၏ ပါဝင်မှုကို လျှော့ချခံရခြင်း သို့မဟုတ် ဖယ်ကျဉ်ခံရခြင်းများကို ဆက်လက် ကြုံတွေ့နေရပါသည်။

# နေရပ်စွန့်ခွါ တိမ်းရှောင်နေကြရသည့် အမျိုးသမီးများနှင့် မိန်းကလေးများ

မြန်မာနိုင်ငံမြောက်ပိုင်းမှ အေးအေးသည် သူမ၏ ကျေးရွာတွင် အကြမ်းဖက်မှုများ ပိုမိုပြင်းထန် လာခဲ့ပြီးနောက် သူမသည် အိမ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သူမသည် ယခုအခါ ယာယီစစ်ရှောင် စခန်းတစ်ခုတွင် နေထိုင်လျက်ရှိသည်။ အခြေအနေများမှာ ကြမ်းတမ်းလှပြီး လူနေထူထပ် များပြားနေသော တည်းခိုရာနေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ကန့်သတ်ခံရခြင်းနှင့် တရားဝင်ကာကွယ်ရေး ယန္တရားများ လုံးဝမရှိခြင်းတို့ကို ကြုံတွေ့နေရခြင်း ဖြစ်သည်။

အေးအေးကဲ့သို့သော အမျိုးသမီးများအတွက် နေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်းသည် ပိုမိုမြင့်မားသော အန္တရာယ် များကို ကြုံတွေ့စေနိုင်ပါသည်။ လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ပိုမိုကြုံတွေ့ရခြင်းနှင့် မိမိကိုယ်ရေးကိုယ်တာ လုံခြုံမှု သို့မဟုတ် လုံခြုံသည့်နေရာများ မရှိခြင်းတို့ကြောင့် လုံခြုံရေးသည် နေ့စဉ် စိုးရိမ်စရာ ကိစ္စတစ်ခု ဖြစ်နေပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရသည့် အမျိုးသမီးများစွာသည် ကလေး များအား စောင့်ရှောက်ရခြင်း၊ နေ့စဉ်ရှင်သန်ရပ်တည်ရေး အတွက် စီမံခန့်ခွဲရခြင်းနှင့် မိမိပတ်ဝန်းကျင်ရှိ အခြားသူများကို ပံ့ပိုးကူညီရခြင်း စသည့် တာဝန်များကို ထမ်းဆောင်နေရသည့် အပြင် စိတ်ဒဏ်ရာနှင့် မသေချာ မရေရာမှုများကိုပါ ရင်ဆိုင်ကျော်လွှားနေရပါသည်။

နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ကာလတို အကူအညီအနေဖြင့်သာ ရှုမြင်ပြီး အမြဲဆိုသလို လျစ်လျူရှုမိတတ်ကြပါသည်။ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ အလွန်နည်းပါးပြီး လုံခြုံပြည့်စုံသော နေထိုင်ရေးနေရာအတွက် ရန်ပုံငွေများလည်း လုံးဝနီးပါး မရှိသလောက်ဖြစ်နေပါသည်။ နေရပ်စွန့်ခွာရမှု မတိုင်မီက တက်ကြွလှုပ်ရှားသူများ သို့မဟုတ် စည်းရုံးလှုံ့ဆော် သူများဖြစ်ခဲ့သူများသည် ပြည်ပရောက်နေသည့်တိုင် ထောက်လှမ်းခံရခြင်းနှင့် ဖမ်းဆီးခံရခြင်း စသည့် အန္တရာယ်များ ဆက်လက်ရှိနေဆဲပင် ဖြစ်ပါသည်။

သို့သော်လည်း အမျိုးသမီးများသည် ယာယီစစ်ရှောင်စခန်းများ အတွင်း၌ စောင့်ရှောက်မှုနှင့် ကြံ့ကြံ့ခံနိုင်ရည် ရှိစေရန်အတွက် ကွန်ရက်များကို ဖန်တီးတည်ဆောက်နေကြဆဲဖြစ်သည်။ သို့ရာတွင် ရေရှည်လုံခြုံရေးစီမံချက် ပါဝင်ပြီး အမျိုးသမီးတို့၏ လက်တွေ့ဘဝနှင့်ကိုက်ညီသည့် ရေရှည်တည်တံ့ပြီး လိုက်လျောညီထွေမှုရှိသော အကူအညီ မရှိပါက ဤကြိုးပမ်းအားထုတ်မှုများသည် ထိရောက်မှုမရှိဘဲ ပျက်ယွင်းလွယ်နေဦးမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကြောင့် မြန်မာနိုင်ငံအတွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ အရေအတွက်သည် သိသိသာသာ မြင့်တက်လာခဲ့ပြီး ၂၀၂၄ ခုနှစ် ဧပြီလအထိ တစ်နိုင်ငံလုံးတွင် လူဦးရေ သုံးသန်းကျော် နေရပ်စွန့်ခွာ တိမ်းရှောင်နေရကြောင်း (UNHCR) က ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ ဤလူဦးရေ၏ သိသာထင်ရှားသော အချိုးအစားတစ်ခုမှာ အမျိုးသမီးများနှင့် မိန်းကလေးများဖြစ်ပြီး ပဋိပက္ခနှင့် နေရပ်စွန့်ခွာရခြင်းတို့ကြောင့် ပြင်းထန်သော ထိခိုက်လွယ်မှုများကို ရင်ဆိုင်နေရသည်။ ဒီမိုကရေစီအဖွဲ့အစည်းများ ပြိုလဲခြင်းနှင့်အတူ အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများအတွက် အရပ်ဘက် လူ့အဖွဲ့အစည်းနယ်ပယ် ကျဉ်းမြောင်းလာခြင်းနှင့် ဆိုးရွားသော စီးပွားရေး မတည်ငြိမ်မှုများကို ကြုံတွေ့ နေကြရသည်။ ဤဆက်စပ်နေသော အကြောင်းရင်းများသည် အထူးသဖြင့် တိုင်းရင်းသားလူနည်းစု ပြည်နယ်များရှိ နေရပ်စွန့်ခွာ တိမ်းရှောင်နေရသော အမျိုးသမီးများအတွက် အန္တရာယ်များကို ပိုမိုမြင့်တက် နေစေပါသည်။

နေရပ်စွန့်ခွာရခြင်းသည် လူမှုရေးကွန်ရက်များ ပြိုကွဲပြတ်တောက်ခြင်းကို ဖြစ်ပေါ်စေလေ့ရှိပြီး အမျိုးသမီး များနှင့် မိန်းကလေးများသည် ၎င်းတို့၏ လုံခြုံရေးနှင့် ကျန်းမာရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုများကို ကြုံတွေ့ကြရသည်။ များစွာသော အမျိုးသမီးများသည် တရားဝင် မဟုတ်သော သို့မဟုတ် မလုံလောက်သော နေရာထိုင်ခင်းများတွင် ဥပဒေအရ ကာကွယ်မှုမရှိဘဲ နေထိုင်ကြရသည်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် သို့မဟုတ် ထိုင်းနိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသို့ စာရွက်စာတမ်းမပါပဲ ဖြတ်သန်းသည့်အခါ ဖမ်းဆီးခံရခြင်း၊ ထောက်လှမ်းခံရခြင်း သို့မဟုတ် အမြတ်ထုတ်ခံရခြင်း စသည့် အန္တရာယ်များကို ရင်ဆိုင်ရသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်နေရသော အမျိုးသမီးများနှင့် မိန်းကလေးများသည် ပတ်ဝန်းကျင်တွင် ကြုံတွေ့နိုင်သော အန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်များကိုလည်း ပိုမို ရင်ဆိုင်နေကြရပါသည်။ ဤအခြေအနေများသည် စိတ်ကျန်းမာရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပေါ်တွင် ပြင်းထန်သော သက်ရောက်မှုများ ရှိပါသည်။

အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် (အချို့မှာ နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများ လည်းဖြစ်သည်) တရားမျှတမှုမရှိသော အကြမ်းဖက်မှု၊ တရားဝင်အကူအညီရရှိမှု အပေါ် ကန့်သတ်ချက်များနှင့် ငွေကြေးပံ့ပိုးမှု မလုံလောက်ခြင်းစသည့် ခြိမ်းခြောက်မှုအန္တရာယ်မျိုးစုံမှုကို ရင်ဆိုင်နေကြရပါသည်။

# ပဋိပက္ခနှင့်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

အိမ့်မွန် သည် မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မှတ်တမ်းတင်နေသော ဒေသခံ အဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်နေသူ ဖြစ်သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမျိုးသမီး များနှင့် အခြားသော ဖယ်ကျဉ်ခံအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသည့် အန္တရာယ်များသည် ပိုမိုဆိုးဝါးလာပြီး ၎င်းတို့ကို ကာကွယ်ပေးရမည့် စနစ်များ ပြိုလဲသွားကြောင်း သူမက ဆိုသည်။

**အာဏာသိမ်းမှုကြောင့် ဗမာအများစုနေထိုင်ရာဒေသမှ ဒေသခံတွေဟာ တိုင်းရင်းသားလူနည်းစုတွေ ခံစားနေခဲ့ ကြရတဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ ဒဏ်ရာဒဏ်ချက်တွေကို နားလည်လာကြပါတယ်”**

စစ်ကိုင်းနှင့် မကွေးကဲ့သို့သော ဒေသများသည် ယခင်က လက်နက်ကိုင်အကြမ်းဖက်မှုများမှ ဝေးကွာ ခဲ့သော်လည်း ယခုအခါ တစ်ချိန်တုန်းက နယ်စပ်ဒေသများတွင်သာ ရှိခဲ့သည့် ရက်စက်မှုများကိုပါ ကြုံတွေ့ လာနေရသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်လက်နက်တစ်ခုသဖွယ် မကြာခဏအသုံးပြုလျက်ရှိသည်။

**“အမျိုးသမီးများ၊ ဂျဲန်ဒါနှင့် လိင်စိတ်တိမ်းညွတ်မှုမတူညီတဲ့ လူနည်းစုအုပ်စုများသည် ၎င်းတို့၏ အခွင့်အရေး များကို ကာကွယ်ခြင်း၊ ကြံ့ကြံ့ခံနိုင်မှုရှိခြင်းကို ပြသခြင်းနှင့် သမိုင်းတွင်စွာ ရှေ့တန်းမှ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရန် ကြိုးပမ်းပါဝင်ခြင်းများ ရှိခဲ့ပါသည်။ သို့သော်လည်း မုဒိမ်းကျင့်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည့် အန္တရာယ်များကို ရင်ဆိုင်နေရဆဲဖြစ်သည်။”**

စစ်ကောင်စီ ထိန်းချုပ်ထားသော ဒေသများနှင့် တော်လှန်ရေး အုပ်စုများ ထိန်းချုပ်ထားသော ဒေသများတွင် တာဝန်ယူမှုတာဝန်ခံမှုသည် လွန်စွာ နည်းပါးလှသည်။

**“ပြစ်မှုကျူးလွန်သူများသည် ကျူးလွန်ခံရသူ (သို့) ၎င်း၏ မိသားစုများအား ငွေအနည်းငယ် သို့မဟုတ် အလုပ်ဒဏ် အပြစ်ပေးခံရခြင်း စတာတွေကို လျော်ကြေးပေးရန် ဖိအားပေးခံရသော်လည်း ပို၍ဆိုးသည်မှာ - ကျူးလွန်ခံရသူအား သတ်ပစ်ခြင်း သို့မဟုတ် မုဒိမ်းကျင့်သူနှင့် အတင်းအကျပ်လက်ထပ်ခိုင်းခြင်းများကို ကျူးလွန်သူများက ၎င်းတို့၏လုပ်ရပ်အတွက် 'တာဝန်ခံမှု' သို့မဟုတ် 'တာဝန်ယူမှု' အဖြစ် သတ်မှတ် နေခြင်းပင်ဖြစ်သည်။”**

နိုင်ငံတကာ တရားစီရင်ရေး ယန္တရားများသည် ရှင်သန်ကျန်ရစ်သူ (Survivors) များအပေါ်တွင် မျှော်လင့်ချက် မရှိသလောက်ဖြစ်နေသောကြောင့်၊ အိမ့်မွန်သည် ရှင်သန်ကျန်ရစ်သူ (Survivors)များအတွက် အရေးပေါ် ပံ့ပိုး ကူညီမှုများနှင့် ဒေသအခြေပြု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း လိုအပ်မှုများကို တွေ့မြင်နေရပါသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ပိုမိုဆိုးဝါးလာသည့် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများကြောင့် ပဋိပက္ခနှင့် ဆက်နွှယ်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အရေအတွက်ကို သိသိသာသာ မြင့်တက်လာစေခဲ့သည်။ ဤအကြမ်းဖက်မှုများကို နစက စစ်တပ်ဘက်မှ သာမက တော်လှန်ရေးဘက်မှ အဖွဲ့အချို့ကလည်း ကျူးလွန်နေကြောင်း တွေ့ရှိရသည်။ အရေးယူ ဆောင်ရွက်နိုင်သော တရားစီရင်ရေး ယန္တရားများ ကင်းမဲ့နေခြင်းကြောင့် ကျူးလွန်သူများသည် ဥပဒေအရ အရေးယူခံရမှုမှ လွတ်မြောက်နေကြသည်။အချို့သော အခြေအနေများတွင် ကျူးလွန်သူများအား အလုပ်ဒဏ်၊ငွေကြေးအနည်းငယ်ဖြင့် သဘောတူလျော်ကြေးပေးစေခြင်း၊ အထူးသဖြင့် တရားစီရင်ရေး စနစ်အပေါ် ယုံကြည်မှု နည်းပါးသော ဒေသများတွင် ကျူးလွန်ခံရသူအား ကျူးလွန်သူနှင့် အတင်းအကျပ်လက်ထပ်ခိုင်းစေခြင်းမျိုး ဆောင်ရွက်လေ့ရှိသည်။ ထိုသို့သော အလေ့အထများသည် အမျိုးသမီးများအား အထူးသဖြင့် ပဋိပက္ခဒေသ များတွင် အမြစ်တွယ်နေသည့် ဖိုဝါဒအပေါ် အခြေခံသော လူမှုစံနှုန်းများနှင့် ခက်ထန်မာကျောသော ယောကျ်ားဆန်မှု စံနှုန်းများအပေါ် ထင်ဟပ်လျက် ရှိသည်။

ပဋိပက္ခနှင့် ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား မှတ်တမ်းတင်ခြင်းသည် ပဋိပက္ခ ဖြစ်ပွါးရာဒေသများသို့ သွားရောက်ခွင့် ကန့်သတ်ခံရခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ညှိနှိုင်း ဆောင်ရွက်မှု ကျဆင်းလာခြင်းများ ရှိလာသည်။ တရားဥပဒေစိုးမိုးရေး ကင်းမဲ့နေချိန်တွင် တရားဝင် မဟုတ်သေးသော တရားစီရင်ရေး ယန္တရားများ ကျယ်ပြန့်လာခဲ့သော်လည်း၊ ၎င်းတို့သည် ခွဲခြားဆက်ဆံမှုဆိုင်ရာ စံနှုန်းများကို မကြာခဏအားဖြည့်ပေးပြီး ကျူးလွန်ခံရသူအား ပံ့ပိုးပေးရန် လိုအပ်ချက်များစွာ ရှိနေဆဲ ဖြစ်သည်။ ကရင်နီပြည်နယ်ရှိ နေရာဒေသအချို့၏ လူထုရဲတပ်ဖွဲ့စနစ်သည် အတန်အသင့် အားကောင်းသည့် ဒေသများ တွင်ပင် ကျူးလွန်သူများအား ဖမ်းဆီးထားရန်နှင့် တရားမျှတမှုပေးရန် လုံလောက်သော အရင်းအမြစ်များ မရှိသေးပါ။

ဤအကြမ်းဖက်မှုများသည် လူထုအသိအမြင်ကို မြှင့်တင်ပေးနိုင်ခဲ့သော်လည်း ယခင်က ထိခိုက်မှုမရှိခဲ့သော ဗမာအများစု နေထိုင်ရာဒေသများတွင် စနစ်တကျ အပြစ်ဒဏ်များမှ ကင်းလွတ်ခွင့်၊ သက်ရှင်ကျန်ရန်သူ (Survivors)များအတွက် ဒစ်ဂျစ်တယ် လုံခြုံရေးအားနည်းမှုနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ များစွာသော အချက်အလက်များ လိုအပ်နေခြင်းကြောင့် တရားမျှတမှု ရရှိရေး လမ်းကြောင်းအပေါ် ဆက်လက်ပြီး အဟန့်အတားများ ရှိနေပါသည်။

## AMPLIFY ၏ ချဉ်းကပ်နည်းဗျူဟာ

AMPLIFY မြန်မာသည် လူသားဗဟိုပြုသော အလုံးစုံ ချဉ်းကပ်နည်းကို အသုံးပြု၍ ဤပြဿနာများကို ကိုင်တွယ် ဖြေရှင်းလျက်ရှိပါသည်။ AMPLIFY၏ အဓိကလှုပ်ရှားမှုများမှာ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးနှင့် ကြံ့ကြံ့ခံ ခံနိုင်ရည်ရှိရေးရှိခြင်းတို့ကို ရည်ရွယ်ပါသည်။ ပထမအဆင့်အနေဖြင့် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ရပ်ရွာအခြေပြု အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီး အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အခြားသော ဆောင်ရွက်သူများကို ပါဝင်စုစည်းခြင်းမှ တစ်ဆင့်ဆောင်ရွက်လျက်ရှိပါသည်။ AMPLIFY သည် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများကို အကဲဖြတ် စောင့်ကြည့်ပြီး လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာအလိုက် ဦးစီးဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မဟာဗျူဟာများကို အဓိကရေးဆွဲသွားမည်ဖြစ်ပါသည်။

AMPLIFY သည် အမျိုးသမီးများ၏ အခြေခံလိုအပ်ချက်များ၊ အဖွဲ့အစည်းများ ပိုမိုအားကောင်းလာရန်နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုဆောင်ရွက်ချက်များကို သက်ဆိုင်သော လေ့လာစူးစမ်းမှုများ၏ တွေ့ရှိချက်များအရ လုပ်ဆောင်ခြင်းဖြစ်ပြီး၊ အခက်အခဲ စိန်ခေါ်မှုများကို ကြုံတွေ့နေသော လူမှုအသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရာတွင် အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများတွင် ကြုံတွေ့ရသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကြုံတွေ့မှုများကို အသိအမှတ် ပြုပါသည်။ AMPLIFY သည် လိုက်လျောညီထွေမှုရှိသော ငွေကြေး ထောက်ပံ့မှုများနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပံ့ပိုးမှုများကို အစမ်းသဘောအနေဖြင့် ထောက်ပံ့ဆောင်ရွက် လျှက်ရှိပြီး၊ အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဒစ်ဂျစ်တယ်နယ်ပယ်နှင့်သက်ဆိုင်သောကာကွယ်မှုများကိုလည်း ကိုင်တွယ် ဖြေရှင်းသွားမည်ဖြစ်ပါသည်။ AMPLIFYသည် တက်ကြွလှုပ်ရှားသူ ကွန်ရက်များနှင့် ပေါ်ပေါ်ထင်ထင် ရှိမှု နည်းသော စည်းရုံးလှုံ့ဆော်မှုများကိုလည်း အားကောင်းစေပြီး၊ အခြေအနေအချိန်နှင့်အမျှပြောင်းလဲနေသော နယ်ပယ်တွင် WPS ဆိုင်ရာလုပ်ဆောင်ချက်များ ဆက်လက်တည်ရှိစေရန် ပံ့ပိုးပေးပါသည်။ ထို့အပြင် AMPLIFY သည် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ဒေသတွင်းဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ချိတ်ဆက်ဆောင်ရွက်မှုများမှာ ပါဝင်စေပြီး၊ အခြားနိုင်ငံများရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အကောင်းမွန်ဆုံး သင်ယူနိုင်သည့် အခွင့်အလမ်းများ ကိုလည်း ပေးအပ်သွားမည်ဖြစ်ပါသည်။

**နောက်ထပ်အချက်အလက်များအတွက်:**
www.asiafoundation.org/amplify amplifyinfo@asiafoundation.org

AMPLIFY
The Asia Foundation

NEW ZEALAND
FOREIGN AFFAIRS & TRADE
Manatū Aorere